JUSTICE FOR MYANMAR

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ နိုင်ငံပိုင်ပစ္စည်းများ သုံးစွဲနေမှုနှင့် လူမျိုးရေးခွဲခြားမှုအပေါ် စုံစမ်းစစ်ဆေးရန် Justice For Myanmar မှ တောင်းဆိုသည်။**

*၂၀၂၀ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့၊ ရန်ကုန်၊ မြန်မာ* - မြန်မာစစ်တပ်၏ ကြိုးကိုင်ပါတီ ဖြစ်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် စစ်တပ်၏ စနစ်တကျ အကျင့်ပျက်ခြစားမှုနှင့် ဆက်နွယ်နေကာ နိုင်ငံပိုင်ပစ္စည်းများကို ရယူ၍ ဝင်ငွေများ ရရှိနေပြီး လူမျိုးရေးခွဲခြားမှုကို သွေးထိုးလှုံ့ဆော်နေသဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ချိုးဖောက်နိုင်စရာ ရှိနေသည်။ Justice For Myanmar အနေဖြင့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများနှင့် ခွဲခြားသည့် အသုံးအနှုန်းများအပေါ် အသေးစိပ် စုံစမ်းစစ်ဆေးမှု တစ်ရပ်ပြုလုပ်ရန် တောင်းဆိုလိုက်သည်။ ချိုးဖောက်ကျူးလွန်မှုများ တစုံတရာတွေ့ရှိပါက အစိုးရအနေဖြင့် ပါတီအား ဖျက်သိမ်းပစ်ရမည် ဖြစ်သည်။

ယခင် စစ်အာဏာရှင်၏ အလွန်အမင်း အကျင့်ပျက်ခြစားမှု၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် နိုင်ငံတော်ထံမှ လွှဲပြောင်းရယူခဲ့သည့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ပိုင်ဆိုင်မှုများကို အမွေဆက်ခံခဲ့သည့် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို ၂၀၁၀ ခုနှစ်တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် စစ်တပ်ထိန်းချုပ်ထားသည့် လူထုအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး မြန်ဂုဏ်မြင့် ကုမ္ပဏီအုပ်စု၏ ပိုင်ဆိုင်မှု အပါအဝင် ကျယ်ပြန့်သော စီးပွားရေး လုပ်ဆောင်မှုများ ရှိခဲ့သည်။ ဆိပ်ကမ်းများတွင် အသုံးပြုရန် အကောက်ခွန်ဌာနသို့ ပါတီမှ ငှားရမ်းခဲ့သည့် ကွန်တိန်နာ *X-ray* စက်များ အပါအဝင် မြန်ဂုဏ်မြင့်အောက်တွင် ယခင် ပိုင်ဆိုင်ခဲ့မှုများကို ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လက်ရှိတွင် ဆက်လက် အသုံးပြုနေသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အကောက်ခွန်ဌာနမှ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနှင့် အခြားကုမ္ပဏီ တော်တော်များများအား ကွန်တိန်နာ X-ray စက်ငှားရမ်းခ ကျပ်ငွေ ၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄.၃ မီလီယံ) ပေးခဲ့ရကြောင်း သတင်းမီဒီယာ အစီရင်ခံမှုများအရ သိရှိရပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (က) (၅) အောက်တွင် “*နိုင်ငံတော်ပိုင် ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ရယူသုံးစွဲသည့် အဖွဲ့အစည်းဖြစ်ကြောင်း တွေ့ရှိရပါက*” ထိုပါတီကို ဖျက်သိမ်းရမည်ဟု ပါရှိထားသည်။ ကြံ့ခိုင်ရေးနှင့်

JUSTICE FOR MYANMAR

ဖွံ့ဖြိုးရေးပါတီအနေဖြင့် နိုင်ငံပိုင်ပစ္စည်းများ ရယူထားရှိမှု၊ နိုင်ငံတော်မှ ဝင်ငွေဆက်လက်ရရှိနေမှုသည် ဤဥပဒေကို ချိုးဖောက်နိုင်ဖွယ် ကိစ္စတစ်ရပ်ဖြစ်သည်။

**Justice For Myanmar** ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က “*ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟာ စစ်ရာဇဝတ်ဂိုဏ်းရဲ့ ပါတီဖြစ်ပြီး စစ်တပ်ရဲ့ စနစ်တကျ အကျင့်ပျက်ခြစားမှုနဲ့ကိုယ်ကျိုးစီးပွား ပဋိပက္ခတို့ရဲ့ အစိတ်အပိုင်း ဖြစ်နေပါတယ်။ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအနေနဲ့ အများပြည်သူပိုင် ပစ္စည်းတွေကို ရယူပိုင်ဆိုင်ခြင်းကနေ အကျိုးအမြတ်တွေကို ဆက်လက်ရနေတာဟာ မြန်မာပြည် ပြည်သူလူထုအတွက် ကြီးမားလှတဲ့ ဆုံးရှုံးမှုကို ဖြစ်စေပါတယ်။ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီရဲ့ အာဏာအလွဲသုံးစားလုပ်မှုကို စုံစမ်းစစ်ဆေးရမယ်၊ တကယ်လို့များ အဲဒါဟာ မြန်မာပြည်ရဲ့ဥပဒေကို ချိုးဖောက်နေတယ်ဆိုရင် တာဝန်ရှိသူတွေကို တာဝန်ယူခိုင်းပြီး ပါတီကို ဖျက်သိမ်းရမယ်။ အများပြည်သူပိုင် ပစ္စည်းတွေအားလုံးကို မြန်မာပြည်သူတွေထံ ပြန်ပေးရပါမယ်။*” ဟု ဆိုသည်။

ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၎င်းတို့၏ ရွေးကောက်ပွဲ ကမ်ပိန်းများတွင် လူမျိုးရေးနှင့် ဘာသာရေးခွဲခြားဆက်ဆံမှုများကို ဆက်လက် သွေးထိုးလှုံ့ဆော်နေသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ဥက္ကဋ္ဌ အငြိမ်းစားဗိုလ်မှူးချုပ် သန်းဌေးမှ ၎င်း၏ “သွေး” သည် နိုင်ငံခြားတိုင်းပြည်များ၏ သွေးများနှင့် ရောနှောမှု မရှိကြောင်း ထုတ်ဖေါ် <u>ပြောဆိုခဲ့</u>သည်။ ဤပြောဆိုချက်သည် <u>၂၀၁၈</u> နှင့် <u>၂၀၁၉</u> ခုနှစ်များက ၎င်းမှ ပြောကြားခဲ့သည့် လူမျိုးသန့်စင်ရေး ပြောဆိုမှုများ အပါအဝင် လူမျိုးရေး ခွဲခြားသည့် မိန့်ခွန်းများနည်းတူဖြစ်ပြီး မြန်မာစစ်တပ်မှ တည်ဆောက်ထားသည့် လူမျိုးရေး ခွဲခြားဆက်ဆံမှုစနစ်အောက်တွင် ဖယ်ကြဉ်ခံထားရသည့် လူနည်းစုများအား ဖယ်ထုတ်ရန်အတွက် ဖြစ်သည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၂ (က) (၄) တွင် ဥပဒေ၏ပုဒ်မ (၆)ကို လိုက်နာရန် ပျက်ကွက်ခဲ့ပါက ပါတီမှတ်ပုံတင်ခြင်း ဖျက်သိမ်းနိုင်သည်ဟု ဖွင့်ဆိုထားပြီး ၎င်း ပုဒ်မ (၆) တွင် “*လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့် ပတ်သက်၍ ပဋိပက္ခဖြစ်စေနိုင်သည့်၊ သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု မပြုလုပ်ရေး*” ဟုပါရှိထားပါသည်။

JUSTICE FOR MYANMAR

ယနေ့အချိန်အထိ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ လူမျိုးရေး၊ ဘာသာရေး ခွဲခြားမှု၊ အမုန်းတရား သွေးထိုးလှုံ့ဆော်မှုနှင့် ပတ်သက်ပြီး ဥပဒေကြောင်းဆိုင်ရာအရ အရေးယူဆောင်ရွက်မှု တစ်စုံတရာ မရှိသေးပါ။

**မရတနာမောင်က** *"ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ လူမျိုးရေး၊ ဘာသာရေး မုန်တီးမှုဟာ စက်ဆုပ်စရာကောင်းပြီး ဥပဒေနဲ့ မညီပါဘူး။ ပါတီနဲ့ သူ့ရဲ့ တာဝန်ရှိသူတွေအပေါ် ဘာဥပဒေအရေးယူမှုမှ မပြုလုပ်နိုင်တာဟာ မြန်မာစစ်ရာဇဝတ်ဂိုဏ်းရဲ့ အစိတ်အပိုင်းအနေနဲ့ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဟာ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကို ဆက်လက်ခံစားနေရတယ်ဆိုတဲ့ သက်သေ အထောက်အထားဘဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဖက်ဒရယ် ဒီမိုကရေစီတစ်ရပ်နဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးတစ်ရပ်ကို တည်ထောင်မယ်ဆိုရင် စစ်တပ်ကို အရပ်သားထိန်းချုပ်မှုအောက်မှာ ထားရှိရမှာ ဖြစ်ပြီး စီးပွားရေးကနေလဲ လုံးဝဆုတ်ခွာစေရမှာ ဖြစ်ပါတယ်။ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် စစ်ရာဇဝတ်ဂိုဏ်းကိုလဲ ဖျက်သိမ်းပစ်ရပါမယ်။"* ဟု ဆက်လက် ပြောဆိုသည်။

**အယ်ဒီတာများသို့ မှတ်ချက်**

ဝက်ဘ်ဆိုဒ်ဖေါ်ပြမှုတွင် ပိုမို ကြည့်ရှုနိုင်ပါသည်။ *ရာဇဝတ်ဂိုဏ်း၏ ပါတီ* - www.justiceformyanmar.org/stories/usdp-the-cartels-party

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိစေရေး အတွက် စည်းရုံးလှုံ့ဆော်နေသည့် အမည်မဖော်လိုသော တက်ကြွလှုပ်ရှားသူ တစ်စုဖြစ်ပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရှေ့ရှုလျက် စစ်တပ် စီးပွားရေးလုပ်ငန်းများအားလုံး ရပ်ဆိုင်းရန် တောင်းဆိုလျက်ရှိသည်။

သတင်းအချက်အလက်များ ပိုမိုရယူလိုပါက ကျေးဇူးပြု၍ အောက်ပါအတိုင်း ဆက်သွယ်ပါ။

JUSTICE FOR MYANMAR

**ထပ်မံသိရှိလိုပါက -**

**ရတနာမောင်**


အီးမေးလ် - media@justiceformyanmar.org

ဝက်ဆိုဒ် - https://www.justiceformyanmar.org/

ပုံတူဝက်ဆိုဒ် - https://justiceformyanmar.github.io/justiceformyanmar.org/

တွစ်တာ - @justicemyanmar

ဖေ့ဘုတ် - https://www.facebook.com/justiceformyanmar.org/